
မြေစာရင်းပုံစံ - ၁၀၅

မှန်ကန်ကြောင်း သက်သေခံ / သတ္တုသေမခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

တိုင်းဒေသကြီး/ပြည်နယ်	[redacted]
ခရိုင်	[redacted]
မြို့နယ်/မြို့နယ်ခွဲ	[redacted]
ရပ်ကွက်/ကျေးရွာအုပ်စု	ကျိုက်ဘွဲ့, မြစားလာ
ကွင်း/အကွက်အမှတ်နှင့်အမည်	၉၀၂-က, မုဒ္ဒကျိုက်ကွင်း
ဦးပိုင်အမှတ်/မြေကွက်အမှတ်	၄၄



ဦးပိုင်အမှတ်	အခွန်စည်းကြပ်ခံရသူ/ပိုင်ရှင်/ဂရန်ရှင်/အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၄၄	ဦးအောင်သိန်း+ဒေါ်မြသိန်း	လယ်	R4	၁၁.၄၅	

ရေးကူးပေးသည့်အကြောင်းအရာ	လယ်ယာမြေ ပိုင်ဆိုင်ခွင့်လက်မှတ်ထုတ်ပေးရန်

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

လျှောက်ထားသူအမည် - ဦးအောင်သိန်း

လျှောက်လွှာတင်သည့်နေ့စွဲ -

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ - ၂၈.၉.၂၀၁၃

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၄-၂၀၁၅) ခုနှစ် အတွက် နောက်ဆက်တွဲ တိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

ရုံးတံဆိပ်

အမှုထမ်းထိန်း/မြေတိုင်းစာရေးလက်မှတ် - (ဖင်မင်းထွန်း) မြေတိုင်း(၄)မြေစာရင်း

နေ့စွဲ - (ကျိုက်ဘွဲ့) ကျေးရွာအုပ်စု

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည် -

လက်ထောက်ဦးစီးမှူးလက်မှတ် -

နေ့စွဲ -

စိစစ်အတည်ပြုပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးလက်မှတ် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး နေ့စွဲ -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

စာအမှတ်၊ ၃၀၀/၁-၂၁/အဖရ(မွန်)(၀၃၇၄)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်

သို့

အတွင်းရေးမှူး

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)

အကြောင်းအရာ။ **လယ်မြေအား အခြားနည်းအသုံးပြုခွင့် တင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)၏ (၂၀-၈-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၆၉/၁၈/လယဖ/၂၀၁၈

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ကမီမြို့၊ မြမာလာကျေးရွာ၊ ကွင်းအမှတ်(၉၀၇/က)၊ ဗုဒ္ဓကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ(၁၁.၄၅)ဧကရှိ လယ်မြေအား ဦးကျော်သိန်းဦး၊ ၁၃/နခန(နိုင်)၀၃၆၃၂၈၊ (၃၅)လမ်း၊ (၈၇×၈၈)ကြား၊ မန္တလေးမြို့တွင် နေထိုင်သူမှ ကမ်းသာယာ အဆင့်မြင့်အပန်းဖြေဥယျာဉ်ဟိုတယ်နှင့် ကားရပ်နားစခန်းမြေအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် အမှုတွဲဖွင့်လှစ်တည်ဆောက်၍ မြို့နယ်/ ခရိုင်/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် အစည်းအဝေးဆုံးဖြတ်ချက် သဘောထားတို့နှင့်အတူ လယ်မြေအား အခြားနည်းအသုံးပြုခွင့် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀(က) ရရှိရေးအတွက် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ (၃၀-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၈)အရ သဘောတူသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ပူးတွဲ - ၆၉/လယ/၂၀၁၇(သံ)

ဝန်ကြီးချုပ်(ကိုယ်စား)

(လှဝင်းတင်၊ အတွင်းရေးမှူး)

မိတ္တူကို

စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သံဖြူဇရပ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လှည့်လည်စာတွဲ / ရုံးလက်ခံ

D/LN(3)/LN(39)20

ကမ်းသာယာ အဆင့်မြင့်အပန်းဖြေဥယျာဉ် ဟိုတယ်နှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်မြေနေရာအဖြစ် လျှောက်ထားသည့် Google Map မြေပုံ

N
W E
S




ရည်ညွှန်းချက်

ဦးပိုင်အမှတ်	- (၄၄)	ဘုန်းတော်ကြီးကျောင်း	-	▲
ဦးပိုင်ဧရိယာ	- (၁၁.၄၅) ဧက	ဝက်သိုးချောင်းခွဲ	-	
မြေအမျိုးအစား	- လယ်မြေ (R4)	ကျိုက္ခမီလမ်း	-	
လျှောက်ထားမြေဧရိယာ	-	ကျိုက္ခမီရေလယ်ဘုရားမှအကွာအဝေး	- 2.2 km(4 Min)	

BUS STATION ZONE (11.45ACRES)

BUS GATE(40'x80') = 16 NO.
SHOP HOUSE (40'x60') = 24 NO.
PETROL STATION = 1 NO.
MON STATE MONUMENT

ADDITIONAL BUS PARKING = 17 NO.
PRIVATE CAR PARKING = 84 NO.
(42 CAR ARE USED FOR VISITORS OF PARK)



၆ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အကြောင်းအရာ

၁။ ပုဂ္ဂိုလ် အဖွဲ့အစည်းအမည်၊ [illegible]

၂။ အဘအမည်၊ [illegible]

၃။ နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်၊ [illegible]

(ကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက

ကုမ္ပဏီ/အဖွဲ့အစည်းမှတ်ပုံတင်အမှတ်)

၄။ နေရပ်လိပ်စာ၊ [illegible]

[redacted]

လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေအကြောင်းအရာ

၁။ မြို့နယ်အမည်၊ [illegible]

၂။ ရပ်ကွက် ကျေးရွာအုပ်စုအမည်၊ [illegible]

၃။ ကွင်း အကွက်အမှတ်၊ [illegible]

၄။ ကွင်း/အကွက်အမည်၊ [illegible]

၅။ ဦးပိုင်လုပ်ကွက်အမှတ်၊ [illegible]

၆။ မြေမျိုး၊ [illegible]

၇။ ဧရိယာ(ဧက)၊ [illegible]

၈။ ခွင့်ပြုသည့်စာအမှတ်၊ [illegible]

၉။ ခွင့်ပြုသည့်ရက်စွဲ၊ [illegible]

၁၀။ မှတ်ချက်၊

လယ်ယာမြေဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း မရှိသရွေ့ လုပ်ပိုင်ခွင့်ပြုသည်။

(သက်သေခံမြေပုံပူးတွဲထားပါသည်။)

(------------)

အတွင်းရေးမှူး

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

[illegible] မြို့

စာအမှတ် ....
နေ့စွဲ ....

ပြည် နယ် လယ် ယာ မြေ စီ မံ ခန့် ခွဲ မှု အဖွဲ့ (2)
မွန် ပြည် နယ် - မော် လ မြိုင် မြို့
စာ အ မှတ်၊ ၃၂၃ /၁၈ / လယဖ / ၂၀၁၈
ရက်စွဲ။ ၂၀၁၈ ခုနှစ် ၊စက်တင်ဘာလ(၂၀)ရက်

သို့

ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ **လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းကိစ္စ**

ရည်ညွှန်းချက် ။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၁၀.၉.၂၀၁၈)ရက်စွဲပါစာအမှတ်၊၃၀၀/၁-၂၁/အဖရ(မွန်)(၀၉၇၅)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်-သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမိမြို့၊ မြမာလာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၀၇/က)ဗုဒ္ဓကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ(၁၇.၀၄)ဧကရှိ လယ်မြေကို **ကမ်းသာယာအဆင့်မြင့်အပန်းဖြေဥယျာဉ်ဟိုတယ်နှင့်ကားရပ်နားစခန်းမြေ** အဖြစ်အသုံးပြုရန်အတွက် မန္တလေးမြို့၊ (၈၇x၈၈)ကြား၊ (၃၅)လမ်းနေ ဦးကျော်သိန်းဦးမှ လျှောက်ထားလာမှုအပေါ် (၃၀.၈.၂၀၁၈)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၈)ဖြင့် ထောက်ခံတင်ပြထားပြီးဖြစ်ပါကြောင်း ရည်ညွှန်းချက်ပါစာဖြင့်အကြောင်း ကြားလာပါသည်။

၂။ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ လယ်ယာမြေနည်းဥပဒေအပိုဒ် ၈၀(ဃ)အရ အခြားသောကိစ္စရပ်များအတွက် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းဖြစ်ပါက **လုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာခွင့်ပြုချက်ရယူတင်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသဖြင့်** ဦးကျော်သိန်းဦး၏ **ကမ်းသာယာအဆင့်မြင့်အပန်းဖြေ ဥယျာဉ်ဟိုတယ်နှင့်ကားရပ်နားစခန်းမြေအဖြစ်** အသုံးပြုရန်လျှောက်ထားလာမှုအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်အနေဖြင့် သဘောထားမှတ်ချက်ပြု ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

20/9/18

ဥက္ကဋ္ဌ(ကိုယ်စား)
(ဘင်ထူး-အတွင်းရေးမှူး)

၆

မိတ္တူကို -


- ဝန်ကြီးချုပ် ၊ ပြည်နယ်အစိုးရအဖွဲ့ ၊ မွန်ပြည်နယ်-မော်လမြိုင်မြို့
- ဥက္ကဋ္ဌ ၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မွန်ပြည်နယ်-မော်လမြိုင်မြို့
- ဝန်ကြီး၊ စိုက်ပျိုး၊မွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်
- ညွှန်ကြားရေးမှူးချုပ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
- လျှောက်ထားသူ
- ရုံးလက်ခံ
- မျှောစာတွဲ

(၉)

မြေစာရင်းပုံစံ - ၁၀၅

မှန်ကန်ကြောင်း သက်သေခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ [redacted] ရေးကူးရန်ပုံစံ

[redacted] ပ်ခေါင်းကပ်ရန်

တိုင်းဒေသကြီး/ပြည်နယ် ရှမ်း	
ခရိုင် တောင်ကြီး	
မြို့နယ်/မြို့နယ်ခွဲ ဆီဆိုင်	
ရပ်ကွက်/ကျေးရွာအုပ်စု ကုလားကွက်၊ ဖြူးလှ	
ကွင်း/အကွက်အမှတ်နှင့်အမည် ၉၈၇၈၊ မုန့်ကုန်းကွင်း	
ဦးပိုင်အမှတ်/မြေကွက်အမှတ် ၄၃	

ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ/ပိုင်ရှင်/ ဂရန်ရှင်/အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့် အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၄၃	ဦးမောင်သန်း+ဒေါ်မြသန်း	လယ်	R4	၃၃.၀၄	
ရေးကူးပေးသည့်အကြောင်းအရာ	လယ်မြေ...				

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

လျှောက်ထားသူအမည် - ဦးမောင်သန်း

လျှောက်လွှာတင်သည့်နေ့စွဲ -

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ - ၂၈.၉.၂၀၁၃

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၄-၂၀၁၅) ခုနှစ် အတွက် နောက်ဆက်တွဲ တိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

ရုံးတံဆိပ်

အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် - (ဇင်မင်းထွန်း)
မြေတိုင်း(၄)၊မြေစာရင်း

နေ့စွဲ - ( ) ကျေးရွာအုပ်စု

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည် -

လက်ထောက်ဦးစီးမှူးလက်မှတ် - ( )

နေ့စွဲ -

စိစစ်အတည်ပြုပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးလက်မှတ် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး နေ့စွဲ -

(၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

စာအမှတ်၊ ၃၀၀/၁-၂၁/အဖရ(မွန်)(၀၉၇၅)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်

သို့

အတွင်းရေးမှူး

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)

အကြောင်းအရာ။ **လယ်မြေအား အခြားနည်းအသုံးပြုခွင့် တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက်။ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)၏ (၂၀-၈-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၆၉/၁၈/လယဖ/၂၀၁၈

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ မြမာလာကျေးရွာ၊ ကွင်းအမှတ်(၉၀၇/က)၊ ဗုဒ္ဓကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ(၁၇.၀၄)ဧကရှိ လယ်မြေအား ဦးကျော်သိန်းဦး၊ ၁၃/နခန(နိုင်)၀၃၆၃၂၈၊ (၃၅)လမ်း၊ (၈၇×၈၈)ကြား၊ မန္တလေးမြို့တွင် နေထိုင်သူမှ ကမ်းသာယာအဆင့်မြင့်အပန်းဖြေဥယျာဉ်ဟိုတယ်နှင့် ကားရပ်နားစခန်းမြေအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် အမှုတွဲဖွင့်လှစ်တည်ဆောက်၍ မြို့နယ်/ ခရိုင်/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့် အစည်းအဝေးဆုံးဖြတ်ချက် သဘောထားတို့နှင့်အတူ လယ်မြေအား အခြားနည်းအသုံးပြုခွင့် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) ရရှိရေးအတွက် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ (၃၀-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၈)အရ သဘောတူသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ပူးတွဲ - ၆၈/လယ်/၂၀၁၇(သံ)

ဝန်ကြီးချုပ်(ကိုယ်စား)

(လှဝင်းတင် ၊ အတွင်းရေးမှူး)

မိတ္တူကို

စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သံဖြူဇရပ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လှည့်လည်စာတွဲ / ရုံးလက်ခံ

D/LN(3)/LN(39)19

②

ကမ်းသာယာ အဆင့်မြင့်အပန်းဖြေဥယျာဉ် ဟိုတယ်နှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်မြေနေရာအဖြစ် လျှောက်ထားသည့် Google Map မြေပုံ


N W E S



ရည်ညွှန်းချက်

ဦးပိုင်အမှတ်	- (၄၃)	ဘုန်းတော်ကြီးကျောင်း	- ▲
ဦးပိုင်ဧရိယာ	- (၁၇.၀၄) ဧက	ဝက်သိုးချောင်းခွဲ	-
မြေအမျိုးအစား	- လယ်မြေ (R4)	ကျိုက္ခမီလမ်း	-
လျှောက်ထားမြေဧရိယာ	- ▭	ကျိုက္ခမီရေလယ်ဘုရားမှအကွာအဝေး	- 2.2 km(4 Min)

J


HOTEL ZONE (5.3 ACRES)
HOTEL RECEPTION BUILDING = 1 NO.
DUPLEX TYPE BUNGALOW =18 NO. (36 GUEST ROOM)
SWIMMING POOL = 1 NO.
STAFF BUILDING / OFFICE = 2 NO.
FUNCTION HALL (100'x150') = 1 NO.
N
W
E
S
350'
505'
805'
PARK
(11.74 ACRES)
HOTEL
Pool
STAFF
STAFF
FUNCTION HALL

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အကြောင်းအရာ

၁။ ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ [illegible]


၂။ အဘအမည်၊ [illegible]

၃။ နိုင်ငံသား အမျိုးသားစိစစ်ရေးကတ်အမှတ်၊ [illegible]

(ကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက

ကုမ္ပဏီ အဖွဲ့အစည်းမှတ်ပုံတင်အမှတ်)

၄။ နေရပ်လိပ်စာ၊ [illegible]



လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေအကြောင်းအရာ

၁။ မြို့နယ်အမည်၊ [illegible]

၂။ ရပ်ကွက်/ကျေးရွာအုပ်စုအမည်၊ [illegible]

၃။ ကွင်း/အကွက်အမှတ်၊ [illegible]

၄။ ကွင်း/အကွက်အမည်၊ [illegible]

၅။ ဦးပိုင်လုပ်ကွက်အမှတ်၊ [illegible]

၆။ မြေမျိုး၊ [illegible]

၇။ ဧရိယာ(ဧက)။ [illegible]

၈။ ခွင့်ပြုသည့်စာအမှတ်၊ [illegible] (၂၀၁၃-၁၄)

၉။ ခွင့်ပြုသည့်ရက်စွဲ၊ [illegible]

၁၀။ မှတ်ချက်၊

လယ်ယာမြေဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း မရှိသရွေ့ လုပ်ပိုင်ခွင့်ပြုသည်။

(သက်သေခံမြေပုံပူးတွဲထားပါသည်။)

အတွင်းရေးမှူး

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

[illegible] မြို့

နောက်ဆက်တွဲ (က)

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
မွန်ပြည်နယ်
စာအမှတ်၊ ၆၀၈/ [illegible] -၂လ(မပ)/ ၂၀၁၈
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်ဒီဇင်ဘာလ ၂၄ ရက်

မွန်ပြည်နယ် [illegible] ရုံး
အမှတ်စဉ် [illegible]
ရရှိရက်စွဲ မော် ၆/လ၁၂ မြိုင်၂၁၈
လက်ခံသူလက်မှတ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ၁။ မွန်ပြည်နယ်၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက / ၄/ နသေ/၂၀၁၈(၀၆၃)

၂။ မွန်ပြည်နယ်၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက / ၄/ နသေ/၂၀၁၈ (၀၆၄)

၁။ Kyaw San Aung Co., Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်- ကျိုက္ခမီ ကားလမ်းမကြီးဘေးရှိ ဦးပိုင်အမှတ် (၄၃/၄၄) ရှိ မြေ (၁၀) ဧကတွင် ကမ်းသာယာ အဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းနှင့် မြေ (၁၇.၀၉) ဧကတွင် ကမ်းသာယာ အဆင့်မြင့်ဟိုတယ်နှင့် အပန်းဖြေဥယျာဉ်တည်ဆောက်ခြင်း စသည်တို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုမှုနှင့် ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားပေးရန် ရည်ညွှန်းစာများဖြင့် အကြောင်းကြားထားပါသည်။

၂။ ဝန်ဆောင်မှု လုပ်ငန်းများမှ ယာဉ်ရပ်နားစခန်းအတွက် ၁၀၀၀ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲလိုကြောင်းနှင့် ဟိုတယ်နှင့် အပန်းဖြေဥယျာဉ်အတွက် ၅၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲလိုကြောင်း အဆိုပြု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ အထက်ဖော်ပြပါ တည်ဆောက်ဓာတ်အားရယူလိုသော ထရန်စဖော်မာများသို့ ဂုင်းမြေကွက် ရှေ့တွင်ရှိသော ၆၆/၃၃ကေဗွီ ၂၀အမ်ဗွီအေ သံဖြူဇရပ်ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ၃၃ကေဗွီ သံဖြူဇရပ်-ကျိုက္ခမီ ဓာတ်အားလိုင်းမှ Tap Off ပြုလုပ်ဓာတ်အားရယူနိုင်ပါသည်။ ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ သံဖြူဇရပ်ဓာတ်အားခွဲရုံ၏ လက်ရှိ အများသုံး ဝန်အားမှ ၅၀% ခန့်သာ ရှိသေးပါ၍ Kyaw San Aung Co., Ltd မှ ရယူလိုသော ဓာတ်အားပမာဏကို ပေးနိုင်ပါကြောင်းနှင့် အကယ်၍ ဓာတ်အားရယူသုံးစွဲပါက ဌာနသို့ သတ်မှတ်ထားသော ပုံစံအပြည့်အစုံဖြင့် ကြိုတင်တင်ပြတောင်းခံရမည် ဖြစ်ပါကြောင်းနှင့် ဌာနမှ သတ်မှတ်ထားသော သတ်မှတ်စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း သဘာထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

22/12/18

(ဝင်းဘို)
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ

ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
မွန်ပြည်နယ်

မိတ္တူကို/-

-ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်
-ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန၊ မွန်ပြည်နယ်
-ရုံးလက်ခံ

ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မွန်ပြည်နယ်

နောက်ဆက်တွဲ (က)

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း
မွန်ပြည်နယ် မော်လမြိုင်မြို့
စာအမှတ်၊ ၆၀၈ /၄အ-၂လ(မပ)/ ၂၀၁၈
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ၁။ မွန်ပြည်နယ်၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက / ၄/ နငသ/ ၂၀၁၈(၀၆၃)

၂။ မွန်ပြည်နယ်၊ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက / ၄/ နငသ/ ၂၀၁၈ (၀၆၄)

၁။ Kyaw San Aung Co., Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်- ကျိုက္ခမီ ကားလမ်းမကြီးဘေးရှိ ဦးပိုင်အမှတ် (၄၃/၄၄) ရှိ မြေ (၁၀) ဧကတွင် ကမ်းသာယာ အဆင့်မြင့်ယာဥ်ရပ်နားစခန်း တည်ဆောက်ခြင်းနှင့် မြေ (၁၇.၀၉) ဧကတွင် ကမ်းသာယာ အဆင့်မြင့်ဟိုတယ်နှင့် အပန်းဖြေဥယျာဥ်တည်ဆောက်ခြင်း စသည်တို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုမှုနှင့် ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားပေးရန် ရည်ညွှန်းစာများဖြင့် အကြောင်းကြားထားပါသည်။

၂။ ဝန်ဆောင်မှု လုပ်ငန်းများမှ ယာဥ်ရပ်နားစခန်းအတွက် ၁၀၀၀ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲလိုကြောင်းနှင့် ဟိုတယ်နှင့် အပန်းဖြေဥယျာဥ်အတွက် ၅၀၀ ကေဗွီအေ ထရန်စဖော်မာ (၁) လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲလိုကြောင်း အဆိုပြု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ အထက်ဖော်ပြပါ တည်ဆောက်ဓာတ်အားရယူလိုသော ထရန်စဖော်မာများသို့ ၎င်းမြေကွက်ရှေ့တွင်ရှိသော ၆၆/၃၃ကေဗွီ ၂၀အမ်ဗွီအေ သံဖြူဇရပ်ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ၃၃ကေဗွီ သံဖြူဇရပ်-ကျိုက္ခမီ ဓာတ်အားလိုင်းမှ Tap Off ပြုလုပ်ဓာတ်အားရယူနိုင်ပါသည်။ ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ သံဖြူဇရပ်ဓာတ်အားခွဲရုံ၏ လက်ရှိ အများသုံး ဝန်အားမှ ၅၀% ခန့်သာ ရှိသေးပါ၍ Kyaw San Aung Co., Ltd မှ ရယူလိုသော ဓာတ်အားပမာဏကို ပေးနိုင်ပါကြောင်းနှင့် အကယ်၍ ဓာတ်အားရယူသုံးစွဲပါက ဌာနသို့ သတ်မှတ်ထားသော ပုံစံအပြည့်အစုံဖြင့် ကြိုတင်တင်ပြတောင်းခံရမည် ဖြစ်ပါကြောင်းနှင့် ဌာနမှ သတ်မှတ်ထားသော သတ်မှတ်စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း သဘာထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

22/12/18

(ဝင်းဘို)
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ

မိတ္တူကို/-

-ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်
-ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန၊ မွန်ပြည်နယ်
-ရုံးလက်ခံ

နောက်ဆက်တွဲ (ခ)

ပြည် နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့
မွန် ပြည် နယ် - မော် လ မြိုင် မြို့
စာအမှတ်၊ ၄၉၁၅ /ဂ - ၁/ မပစ (၀၂၀)
ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၃၆ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ၀၈၀
ရရှိရက်စွဲ ၁၉.၁၂.၂၀၁၈
ရရှိအချိန် ၂:၀၀ နာရီ
လက်ခံသူလက်မှတ်

သို့

အတွင်းရေးမှူး
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါစာအမှတ်၊ မရက/၄/နသေ/၂၀၁၈ (၀၆၃)

၁။ KYAW SAN AUNG COMPANY LIMITED မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်-ကျိုက္ခမီလမ်းမကြီးအနီး၊ ဦးပိုင်အမှတ် (၄၃/၄၄)ရှိ မြေ ၁၀ဧကေတွင် ကမ်းသာယာအဆင့်မြင့် ယာဉ်ရပ်နားစခန်းတည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာတင်ပြလာကြောင်းနှင့် ယင်းဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်းသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် ကမ်းသာယာအဆင့်မြင့်ယာဉ်ရပ်နားစခန်းဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်းတွေ့ရှိရပြီး သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ပါက ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေနိုင်သဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်။

ညွှန်ကြားရေးမှူး
နစ-၃၃၄၃၊ မြင့်အောင်

မိတ္တူကို

KYAW SAN AUNG COMPANY LIMITED

ရုံးလက်ခံ/မျှောစာတွဲ

Smnw-1

နောက်ဆက်တွဲ (ဂ)

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ်...... ၀၈၇
ရရှိရက်စွဲ...... ၈.၁.၂၀၁၉
ရရှိအချိန်...... ၂:၃၀ နာရီ
လက်ခံသူလက်မှတ်......

ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
စာအမှတ်၊ ၄၇ / ကကရ(လ) / ၂၀၁၉
ရက်စွဲ၊၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

သို့

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မွန်ပြည်နယ်

အကြောင်းအရာ။ **ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်အတွက် သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါစာအမှတ်၊ မရက/၃/နသလ/၂၀၁၈(၀၆၃)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ KYAW SAN AUNG Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ကျိုက္ခမီမြို့၊ သံဖြူဇရပ်-ကျိုက္ခမီလမ်းမကြီးအနီး၊ ဦးပိုင်အမှတ်(၄၃/၄၄)ရှိ မြေ(၁၀.၀၀)ဧကတွင် ယာဉ်ရပ်နားစခန်း တည်ဆောက်ရန်အတွက် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာခြင်းအပေါ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အဆိုပါ ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပေးပါရန် ရည်ညွှန်းပါစာဖြင့် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ညှိနှိုင်း အကြောင်းကြားလာပါသည်။

၂။ KYAW SAN AUNG Co.,Ltd မှ အဆိုပြု တင်ပြလာသော ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စိစစ်ရာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(က) KYAW SAN AUNG Co.,Ltd သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသား အစုရှယ်ယာရှင် (၄)ဦးပိုင်ဆိုင်သော ကုမ္ပဏီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်း(၂၀၀၀.၃၁၆)ဖြစ်ပါသည်။

(ခ) လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုထားသော မြေသည် လယ်ယာမြေအမျိုးအစားဖြစ်ပြီး အကျယ်အဝန်း(၁၇.၀၉)ဧကရှိကာ မူလပိုင်ရှင် ဦးမောင်သန်းထံမှ KYAW SAN AUNG Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်သိန်းဦး ဝယ်ယူထားကြောင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်မိတ္တူတင်ပြထားသည်ကို စိစစ်တွေ့ရှိရပြီး၊ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် သံဖြူဇရပ်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးဦးစီးဌာနသို့ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားကြောင်းစိစစ်တွေ့ရှိရပါသည်။

(ဂ) အဆိုပြုလာသော ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းတွင် ယာဉ်လိုင်း စုစုပေါင်း(၁၂)လိုင်းခန့်ထားရှိရန် Stand (၂)ခုနှင့် Shop House (၂)ခု ပါဝင်ကြောင်း ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) ဧရိယာ(၁၀.၀၀)ဧကရှိမြေပေါ်တွင် မြေအောက်သိုလှောင်ကန်စနစ်ဖြင့် ဆီဆိုင်(၁)ခု ဆောက်လုပ်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ အဆိုပြုစီမံကိန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ရပါသည်-

(က) တည်ဆောက်ရေးကာလတွင် မြေများ ရှင်းလင်းခြင်း၊ မြေများ တူးဖော်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ပို့ခြင်း၊ ဆောက်လုပ်ရေးယန္တရားများ ဝင်/ထွက်သွားလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်းရှိသဖြင့် စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု မရှိပါကမြေထု ညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ ရေထွက်ပင်ရင်းများ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

(ခ) တည်ဆောက်စဉ်ကာလအတွင်း မိလ္လာစနစ်၊ စွန့်ပစ်အမှိုက်၊ စွန့်ပစ်ရေများ စနစ်တကျ မစွန့်ပစ်ပါက အနီးပတ်ဝန်းကျင်၏ ကျန်းမာရေးအား ထိခိုက်နိုင်ကြောင်း သုံးသပ်ရပါသည်။

(ဂ) စက်သုံးဆီများကို သယ်ယူ/ပို့ဆောင်ရာတွင် အသုံးပြုမည့် လမ်းကြောင်းများ(ကုန်းကြောင်း/ရေကြောင်း) တစ်လျှောက်၌ မတော်တဆ ဆီယိုစိမ့်မှုများ ဖြစ်ပေါ်နိုင်ပါကြောင်း သုံးသပ်ရပါသည်။

(ဃ) စက်သုံးဆီများ သယ်ယူ/ပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်း/ဝယ်ဖြန့်ဖြူးခြင်း အဆင့်ဆင့်တို့တွင် ထုတ်လွှတ်အခိုးအငွေ့အဖြစ် Volatile Organic Compounds (VOCs), Benzene, CO_2, Gasoline, Carcinogens, Ethylbenzene, Xylenes, PM_{10}, $PM_{2.5}$ အစရှိသော ဓာတ်ငွေ့များနှင့် အမှုန်အမွှားများ ထွက်ရှိနိုင်ပြီး ယင်းတို့နှင့် စဉ်ဆက်မပြတ် ထိတွေ့လုပ်ကိုင်မည့် စက်သုံးဆီဖြန့်ဖြူး ရောင်းချရာ၌ ဝန်ဆောင်မှုပေးသည့် လုပ်သားများ၊ အနီးဝန်းကျင်တွင် နေထိုင်သော ဒေသခံများအား ရေရှည်တွင် ကျန်းမာရေးဆိုင်ရာဆိုးကျိုးပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ သို့ဖြစ်ပါ၍ ဆီဆိုင်တစ်ခုအပါအဝင် ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်ပြီး အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း သဘောထား ပြန်ကြားအပ်ပါသည်-

(က) ယာဉ်ရပ်နားစခန်း တည်ဆောက်ရေး လုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ပါအချက်များအတိုင်း ရေးဆွဲသွားရန်-

(ကက) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ဆောင်ရွက်မည့် အဖွဲ့အစည်း(သို့မဟုတ်)တတိယပုဂ္ဂိုလ်အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၃)နှင့်အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ခခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၄)နှင့်အညီ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်၊

(ဂဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာအား တင်ပြရာတွင် တင်ပြမည့်အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများ ဖြည့်စွက်၍ ပူးတွဲတင်ပြရန်၊ အစိုးရအဖွဲ့၏ ကြီးကြပ်ကွက်ကဲမှုဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများအား အလေးထားဆောင်ရွက်ရန်၊

(ခ) ရေးဆွဲပြုစုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာပါအချက်များအား စီမံကိန်းလုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံကိန်းလုပ်ငန်း အကောင်ထည်ဖော်ဆောင်ရွက်သူတို့မှ တိကျစွာ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်များအား အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပေးရန်၊

(ဂ) CSR လုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူတို့၏ ရေရှည် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းများအတွက် လုံလောက်သည့် ရန်ပုံငွေထူထောင်ခြင်းနှင့် လုပ်ငန်းမှ ရရှိမည့် အသားတင်အမြတ်ငွေ၏ ၂% ကို ဒေသဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်လုပ်ကိုင်ဆောင်ရွက်ပေးရန်၊

(ဃ) မီးဘေးလုံခြုံရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် လုပ်သားများ သက်သာချောင်ချိရေး အစီအစဉ်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်ထားရှိမည့် အစီအစဉ်များအား ဆောင်ရွက်သွားရန်၊

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(အောင်အောင်လေး)
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
နေပြည်တော်

မိတ္တူကို
ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
မွန်ပြည်နယ်

စာအမှတ်၊ ၂၀၀ / ၄ - ၃/ အဖရ(မွန်)(၈၂၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

သို့
အတွင်းရေးမှူး
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇-၁၂-၂၀၁၉) ရက်စွဲပါစာအမှတ်၊ မရက/၃/နသေ/၂၀၁၈(၁၆၃)

KYAW SAN AUNG Co.,Ltd မှ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ကမီမြို့၊ သံဖြူဇရပ်-ကျိုက္ကမီလမ်းမကြီးအနီး၊ ဦးပိုင်အမှတ်(၄၃/ ၄၄)ရှိ မြေ (၁၀)ကေတွင် ကမ်းသာယာယာဉ်ရပ်နားစခန်းတည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာခြင်းအပေါ် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းကြားပါသည်။

ဝန်ကြီးချုပ် (ကိုယ်စား)
(မြင့်သန်းဝင်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး
ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
လုည့်လည်စာတွဲ
ရုံးလက်ခံ

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
မွန်ပြည်နယ် - မော်လမြိုင်မြို့
စာအမှတ်၊ က - မလမ / ၂၀၁၈ (၈၆၈)
ရက်စွဲ ၊ ၂၀၁၈ - ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ၈၈၁
ရရှိသည့်ရက် ၂၄.၁၂.၂၀၁၈
ရရှိသည့်အချိန် ၂:၄၅ မိနစ်
လက်ခံသူလက်မှတ်

သို့

ဒုဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မရှင်
မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည်ညွှန်းချက် ။ (၁) မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇-၁၂-၂၀၁၈)ရက်စွဲပါ စာအမှတ်၊ မရက / ၃ / နသေ /၂၀၁၈ (၀၆၄)

(၂) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊မွန်ပြည်နယ်-မော်လမြိုင်မြို့ ၏ (၁၁-၁၂-၂၀၁၈) ရက်စွဲပါစာအမှတ်၊ က-မလမ/၂၀၁၈(၈၃၄)

၁။ အထက်အကြောင်းပါကိစ္စနှင့်ပါတ်သက်၍ Kyaw San Aung Company Limite သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက်ခမီမြို့၊ သံဖြူဇရပ်-ကျိုက်ခမီလမ်းမကြီးအနီး ဦးပိုင်အမှတ် (၄၃ / ၄၄) ရှိ မြေ(၁၇.၀၉) ဧကတွင် ကမ်းသာယာအဆင့်မြင့်ဟိုတယ် နှင့် အပန်းဖြေဥယျာဉ်တည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် ဤဦးစီးဌာန မော်လမြိုင်ရုံးမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ရည်ညွှန်း(၂)ပါစာဖြင့် သဘောထားတောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားခဲ့ပါသည်-

(၁) Kyaw San Aung Company Limited မှဌားရမ်းမည့် အခန်းခနှုန်းထားများတွင် Bungalow တခန်းလျှင်(၅၀၀၀၀- ကျပ်)နှုန်းသတ်မှတ် ဖော်ပြထားပါသဖြင့် ဌားရမ်းမည့်နှုန်းထားများနှင့် အသုံးပြုမည့်ပစ္စည်းများ ၊ ပေးအပ်မည့်ဝန်ဆောင်မှုများလည်း လျော်ကန်သင့်တင့်ရန်လိုအပ်ပါကြောင်း၊

(၂) kyaw San Aung Company Limited မှဆောင်ရွက်မည့် ကမ်းသာယာအဆင့်မြင့် ဟိုတယ်နှင့်အပန်းဖြေဥယျာဉ်တည်ဆောက်ခြင်း လုပ်ငန်းအတွက် မြေပိုင်ဆိုင်မှု တိကျမှန်ကန်ရေး ၊ Site Plan ရှင်းလင်းတိကျစွာတင်ပြရေး ၊ ဟိုတယ်တည်ဆောက်ရေး ၊ အခန်းများဖွဲ့စည်းရေးနှင့် လိုအပ်သော Facilities များထည့်သွင်း

ရေးအတွက် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ ၊ နည်းဥပဒေနှင့်လိုင်စင်ဆိုင်ရာအမိန့်များတွင် ပါဝင်သောဟိုတယ် တည်ဆောက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်စံနှုန်းများ (Basic Requirements and Criteria) ထက်မနိမ့်ကျစေရေးနှင့် အခြားစည်းကမ်းချက်များကို မပျက်မကွက် လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊

(၃) Kyaw San Aung Company Limited မှ ကမ်းသာယာအဆင့်မြင့် ဟိုတယ်နှင့်အပန်းဖြေဥယျာဉ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုသွားမည့် တည်ဆောက်ရေးပစ္စည်းများ ၊ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများနှင့်ပတ်သက်၍ အခွန်သက်သာခွင့်မှာကော်မရှင်၏အဆုံးအဖြတ်သာ ရယူရမည်ဖြစ်ပါကြောင်း၊ ဟိုတယ်လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အိပ်ခန်းအရေအတွက်နှင့် အချိုးညီခန့်အပ်မည့် ဝန်ထမ်းအားလုံးသည် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သင်တန်းဆင်းလက်မှတ်များ တင်ပြနိုင်ရန်လိုအပ်ပါကြောင်း၊

(၄) လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုထားသောမြေနေရာအား မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ခိုင်မာစွာတင်ပြရန် လိုအပ်ပါကြောင်းနှင့် လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့် ခွင့်ပြုပြီးမှသာ လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊

၂။ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အား စီစစ်ပြန်ကြားအပ်ပါသည်။

(သန်းထွဋ်နိုင်)
ဒုတိယညွှန်ကြားရေးမှူး

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်
- ရုံးလက်ခံ / မျှော

နောက်ဆက်တွဲ (ဂ)

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ...၀၈၆...
ရရှိရက်စွဲ ...၈.၁.၂၀၁၉...
ရရှိအချိန် ...၂း၃၀ မိနစ်...
လက်ခံသူလက်မှတ်...

ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
စာအမှတ်၊ ၄၆ / ကကရ(လ) / ၂၀၁၉
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

သို့

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

မွန်ပြည်နယ်

အကြောင်းအရာ။ **ဟိုတယ်နှင့်အပန်းဖြေဥယျာဉ်တည်ဆောက်ရန်အတွက် သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇.၁၂.၂၀၁၈) ရက်စွဲပါစာအမှတ်၊ မရက/၃/နသေ/၂၀၁၈(၀၆၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ KYAW SAN AUNG Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ကျိုက္ခမိမြို့၊ သံဖြူဇရပ်-ကျိုက္ခမိလမ်းမကြီးအနီး၊ ဦးပိုင်အမှတ်(၄၃/၄၄)ရှိ မြေ(၁၇.၀၉)ကေတွင် ဟိုတယ်နှင့် အပန်းဖြေဥယျာဉ်တည်ဆောက်ရန်အတွက် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာခြင်းအပေါ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အဆိုပါဟိုတယ်နှင့် အပန်းဖြေဥယျာဉ်တည်ဆောက်ခြင်းအတွက် ပတ်ဝန်းကျင်ဆိုင်ရာသဘော ထားမှတ်ချက်ပေးပါရန် ရည်ညွှန်းပါစာဖြင့် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ KYAW SAN AUNG Co.,Ltd မှ အဆိုပြု တင်ပြလာသော ဟိုတယ်နှင့် အပန်းဖြေဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စိစစ်ရာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(က) KYAW SAN AUNG Co.,Ltd သည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံသား အစုရှယ်ယာရှင် (၄)ဦးပိုင်ဆိုင်သော ကုမ္ပဏီဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်း(၂၃၇၆.၄၅၁)ဖြစ်ပါသည်။

(ခ) လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုထားသော မြေသည် လယ်ယာမြေအမျိုးအစားဖြစ်ပြီး အကျယ်အဝန်း(၁၇.၀၉)ကေရှိကာ မူလပိုင်ရှင် ဦးမောင်သန်းထံမှ KYAW SAN AUNG Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်သိန်းဦး ဝယ်ယူထားကြောင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်မိတ္တူတင်ပြထားသည်ကို စိစစ်တွေ့ရှိရပြီး၊ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် သံဖြူဇရပ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနသို့ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားကြောင်းစိစစ်တွေ့ရှိရပါသည်။

(ဂ) အဆိုပြုလာသော ဟိုတယ်နှင့် အပန်းဖြေ ဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းတွင် ဟိုတယ်တည်ဆောက်ရေးအနေဖြင့် မြေဧရိယာ(၅.၃)ကေပေါ်တွင် Bunglow (၁၆) လုံး၊ Reception (၁) လုံး၊ Staff Hostle (၁) လုံး၊ Breakfast Hall (၁)လုံး၊

ထည့်သွင်း တည်ဆောက်မည်ဖြစ်ပြီး အပန်းဖြေဥယျာဉ် တည်ဆောက်ရေး အနေဖြင့် (၁၁.၇၉)ဧကပေါ်တွင် Swimming Pool (၁)ကန်၊ Function Hall (၁)လုံး၊ Car Parking (၁)ခု၊ Playground & Picnic Area (၁)ခု၊ Outdoor Theatre (၁)ခု၊ Poolside Restaurant (၁) ခု၊ Entrance Gate (၁) ခု၊ Fountain Garden(၁) ခု၊ Organic Farm (၃) ခု ပါဝင်ကြောင်း စိစစ်တွေ့ရှိရ ပါသည်။

၃။ အဆိုပြုစီမံကိန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ရပါသည်-

(က) တည်ဆောက်ရေးကာလတွင် မြေများ ရှင်းလင်းခြင်း၊ မြေများ တူးဖော်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ပို့ခြင်း၊ ဆောက်လုပ်ရေးယန္တရားများ ဝင်/ထွက်သွားလာခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်သုံး စွန့်ပစ်ပစ္စည်းများ ထွက်ရှိခြင်းရှိသဖြင့် စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု မရှိပါကမြေထု ညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ ရေထွက်ပင်ရင်းများ ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

(ခ) ဟိုတယ်မှ စွန့်ပစ်လိုက်သော မီးဖိုချောင်မှ ထွက်ရှိသော အမှိုက်များ၊ သုံးရေများ၊ ဝန်ဆောင်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်အမှိုက်များအား စနစ်တကျ မစွန့်ပစ်ပါကခြင်၊ ယင်များ ပေါက်ဖွားပြီး အနံ့အသက်ဆိုးများ ထွက်ရှိကာ အနီးပတ်ဝန်းကျင်၏ ကျန်းမာရေးအား ထိခိုက်နိုင်ကြောင်း သုံးသပ်ရပါသည်။

၄။ အဆိုပါဟိုတယ်နှင့် အပန်းဖြေဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်-

(က) တည်ဆောက်ရေးကာလတွင် မြေနေရာရှင်းလင်းခြင်း၊ မြေတူးဖော်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ သယ်ပို့ခြင်း၊ ယန္တရားများ ဝင်/ထွက်သွားလာခြင်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေါ်စေရေး အစီအမံများ ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်စဉ်ကာလနှင့် ဟိုတယ်နှင့် အပန်းဖြေဥယျာဉ်ဝန်ဆောင်မှုဆောင်ရွက်မှုများအတွင်း မိလ္လာစနစ်၊ စွန့်ပစ်အမှိုက်၊ စွန့်ပစ်ရေများ စနစ်တကျ စွန့်ပစ်နိုင်ရေး အတွက် စီမံဆောင်ရွက်သွားရန်၊

(ဂ) ဝန်ဆောင်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်နိုင်သော တိုက်ရိုက်နှင့် သွယ်ဝိုက်ပတ်ဝန်းကျင်ထိခိုက်မှုများကို ထည့်သွင်းစဉ်းစားလျက် စွန့်ပစ်ပစ္စည်း စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်စုပုံခြင်းအတွက် ကဏ္ဍအလိုက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲရန်၊

(ဃ) အရိပ်ရအပင်များ၊ သစ်ပင်ပန်းပင်များ၊ ဥယျာဉ်များကို ဟိုတယ်နှင့် အပန်းဖြေဥယျာဉ်ကွက်လပ်များနှင့် အခြေချနေထိုင်မှုဧရိယာများ၊ မြို့ပြစီမံကိန်းဧရိယာအတွင်း လမ်းဘေးဝဲယာတစ်လျှောက်တွင် အစိမ်းရောင်ကွန်ယက် ၊ အစိမ်းရောင်နယ်မြေ အဖြစ် ဖြန့်ကျက်တည်ထောင်နိုင်စေရန်၊

(င) စိုက်ပျိုးမည့် စိုက်ပျိုးမြေ(Green Land)ဧရိယာ ဒီဇိုင်းကို သေချာစွာ ရေးဆွဲရန်၊ စိုက်ပျိုးမည့် နေရာ မှန်ကန်စွာရွေးချယ်ခြင်း၊ မှန်ကန်သင့်လျော်သည့် အပင်မျိုးစိတ်များ စိုက်ပျိုးခြင်း၊ ရာသီအလိုက် ဖူးပွင့်မည့် အပင်များ စနစ်တကျရွေးချယ်စိုက်ပျိုးသွားရန်၊

(စ) စိုက်ပျိုးမြေ(Green Land)ပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်လျောညီထွေရှိပြီး ပတ်ဝန်းကျင်ထိခိုက်မှု နည်းရမည့်အပြင် အပန်းဖြေအနားယူရန်၊ မြင်ကွင်းပဒေသာ အလှအပများ ခံစားမှုရရှိစေရန်၊ ဂေဟာပေါင်းကူးများအဖြစ် အသုံးဝင်နိုင်ရေး ဆောင်ရွက်ရန်၊ ယာဉ်အဝင်အထွက်များအတွက် အန္တရာယ်ကင်းရှင်းစေရန်နှင့် လူမှုရေးအရ လုံခြုံစိတ်ချစေရန်၊

(ဆ) မီးဘေးလုံခြုံရေးစီမံချက်၊ လုပ်ငန်းခွင် သာယာရေးနှင့် လုပ်သားများ သက်သာချောင်ချိရေးအစီအစဉ်များ၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်ထားရှိမည့် အစီအစဉ်များအား ဆောင်ရွက်သွားရန်နှင့် စီမံကိန်းလုပ်ငန်းမှ ရရှိလာမည့် အသားတင်အမြတ်ငွေ(၂%)အား လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility –CSR) လုပ်ငန်းများအတွက် သုံးစွဲသွားရန်၊

၅။ သို့ဖြစ်ပါ၍ ဟိုတယ်နှင့် အပန်းဖြေဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အပိုဒ်(၄)ပါအချက်များအပါအဝင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း သဘောထားပြန်ကြားအပ်ပါသည်-

(က) ဟိုတယ်နှင့်အပန်းဖြေဥယျာဉ်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ပါအချက်များအတိုင်း ရေးဆွဲသွားရန်-

(ကက) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ဆောင်ရွက်မည့် အဖွဲ့အစည်း(သို့မဟုတ်)တတိယပုဂ္ဂိုလ်အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၃)နှင့်အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ခခ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၄)နှင့် အညီ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်၊

(ဂဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား တင်ပြရာတွင် တင်ပြမည့် အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများ ဖြည့်စွက်၍ ပူးတွဲတင်ပြရန်၊ အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများအား အလေးထားဆောင်ရွက်ရန်၊

(ခ) ရေးဆွဲပြုစုထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာပါ အချက်များအား စီမံကိန်းလုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သူတို့မှ တိကျစွာ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်များအား အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပေးရန်၊

(ဂ) မီးဘေးလုံခြုံရေးစီမံချက်၊ လုပ်ငန်းခွင်သာယာရေးနှင့် လုပ်သားများ သက်သာချောင်ချိရေး အစီအစဉ်များ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်ထားရှိမည့် အစီအစဉ်များအား ဆောင်ရွက်သွားရန်၊

(ဃ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(အောင်အောင်လေး)
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
နေပြည်တော်

မိတ္တူကို
ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်
ရုံးလက်ခံ
မျှောစာတွဲ

နောက်ဆက်တွဲ (ယ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

စာအမှတ်၊ ၂၀၀ / ၄ - ၃/ အဖရ(မွန်)(၀၅၂၇)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ၈၁၇
ရရှိရက်စွဲ ၁၆.၁.၂၀၁၉
ရရှိအချိန် ၃:၃၀ မိနစ်
လက်ခံသူလက်မှတ်

သို့

✓ အတွင်းရေးမှူး

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇-၁၂-၂၀၁၉) ရက်စွဲပါစာအမှတ်၊ မရက/၃/နသေ/၂၀၁၈(၀၆၄)

KYAW SAN AUNG Co.,Ltd မှ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်-ကျိုက္ခမီလမ်းမကြီးအနီး၊ ဦးပိုင်အမှတ်(၄၃/ ၄၄)ရှိမြေ(၁၇.၀၉)ဧကတွင် ကမ်းသာယာအဆင့်မြင့်ဟိုတယ်နှင့်အပန်းဖြေဥယျာဉ်တည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာခြင်းအပေါ် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်းနှင့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိရေး လျှောက်ထားဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ် (ကိုယ်စား)

(မြင့်သန်း၀င်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

လှည့်လည်စာတွဲ

ရုံးလက်ခံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ငွေလက်ခံရန်အကြောင်းကြားစာ

အမှတ်စဉ်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၇ ရက်

အောက်ဖော်ပြပါ လျှောက်ထားသူထံမှ သက်ဆိုင်ရာလျှောက်ထားလွှာအတွက် ဖော်ပြပါ ဝန်ဆောင်ခအား လက်ခံပါရန်နှင့် ငွေရပြေစာမိတ္တူတစ်စောင်ကို ဌာနခွဲသို့ ပေးပို့ပေးပါရန် အကြောင်း ကြားအပ်ပါသည်-

၁။ လျှောက်ထားသူ၏ -

(က) အမည် ဦးကျော်သိန်းဦး

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ၁၃/နမန(နိုင်)၀၃၆၃၂၈

(ဂ) နေရပ်လိပ်စာ/ တယ်လီဖုန်း အမှတ် (၈) ၊ (ဖ) ကွက် ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်မြို့

၂။ ရင်းနှီးမြှုပ်နှံသူ၏ -

(က) အမည် ဦးကျော်သိန်းဦး

(ခ) ကုမ္ပဏီအမည် Kyaw San Aung Co., Ltd.

(ဂ) လုပ်ငန်းအမျိုးအစား ဟာ့ဒ်ဝဲပစ္စည်း ရောင်းဝယ်ရေး ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း

၃။ ပေးသွင်းမည့်ဝန်ဆောင်ခနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားလွှာ ပုံစံအမှတ် ၅ (၁)

(ခ) ဝန်ဆောင်ခနှုန်းထား(ဂဏန်းဖြင့်) ကျပ် ၅၀,၀၀၀/-

(စာဖြင့်) ကျပ် ငါးသောင်း ကျပ်တိ

(ဂ) ငွေအမျိုးအစား

၅၀၀၀ x ၁၀ရွက် ၅၀,၀၀၀/-

(ရင်းနှီးမြှုပ်နှံမှုဌာနစု)

၅၀,၀၀၀/- ကျပ် (ငါးသောင်း ကျပ် တိတိ)ကို လက်ခံရရှိပါသည်။

(ငွေစာရင်းဌာနစု)

ပုံစံ (၅-ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် မပန-၀၀၂/၂၀၁၉ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဦးကျော်သိန်းဦး

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ် (၁၈)၊ (၆)လွှာ ၊ လသာမြို့နယ်၊ ရန်ကုန်မြို့

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ -

(၅) ဖွဲ့စည်းရာအရပ် -

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ယာဉ်ရပ်နားစခန်းဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ဦးပိုင်အမှတ်(၄၃/၄၄)၊ ကွင်းအမှတ် (၉၀၇/က)၊ ဗုဒ္ဓကုန်းကွင်း ၊ မြဲမာလာကျေးရွာအုပ်စု၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်

(၈) နိုင်ငံခြားမတည်ငွေရင်းပမာဏ -

(၉) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာရမည့်ကာလ -

(၁၀) စုစုပေါင်းမတည်ငွေရင်းပမာဏ (ကျပ်) ကျပ် ၂၀၀၀.၃၁၆ သန်း
(ကျပ် နှစ်ထောင်သန်း သုံးသိန်းတစ်သောင်း ခြောက်ထောင်တိတိ)

(၁၁) တည်ဆောက်မှု/ပြင်ဆင်မှုကာလ ၃ နှစ်

(၁၂) အတည်ပြုမိန့်သက်တမ်း -

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့် ကုမ္ပဏီအမည် KYAW SAN AUNG COMPANY LIMITED (ကျော်ဆမ်အောင် ကုမ္ပဏီလီမိတက်)

(ဒေါက်တာအေးဇံ)

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ
တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့

တယ်လီဖုန်း - ၀၅၇-၂၀၂၃၃၉၅
ဖက်စ် - ၀၅၇-၂၀၂၃၃၈၅

စာအမှတ်၊ မရက/၄/နငသ/၂၀၁၉ (၀၇၇)
ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

အကြောင်းအရာ။ **Kyaw San Aung Company Limited ယာဉ်ရပ်နားစခန်းဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း အတည်ပြုလျှောက်ထားလွှာ အပေါ် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ ဆုံးဖြတ်ချက်**

ရည် ညွှန်း ချက်။ Kyaw San Aung Company Limited ၏ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက် နေ့စွဲပါတင်ပြစာ

၁။ Kyaw San Aung Company Limited မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ကျိုက္ခမီမြို့၊ မြမာလာကျေးရွာအုပ်စု၊ကွင်းအမှတ်(၉၀၇/က)၊ ဗုဒ္ဓကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၃/၄၄)၊သံဖြူဇရပ်-ကျိုက္ခမီလမ်းမကြီးအနီးရှိမြေ(၁၀)ဧကတွင် ယာဉ်ရပ်နားစခန်းဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းအား ၂၀၁၉ခုနှစ် ဇန်နဝါရီလ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်သောမွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၁၉)ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာခွင့်ပြုကြောင်းဆုံးဖြတ်ခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်အရ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေကိုကျင့်သုံးလျက် Kyaw San Aung Co.,Ltd. အားယာဉ်ရပ်နားစခန်းဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ် ၊ မပန-၀၀၂/၂၀၁၉ ကိုထုတ်ပေးလိုက်သည်။

၂။ Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် **ဝန်ဆောင်မှုရည်မှန်းချက်များကိုအနိမ့်ဆုံးရည်မှန်းချက်များ**အဖြစ်ထားရှိဆောင်ရွက်အကောင်အထည်ဖော်ရမည်။

(ခ) Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း (၂၀) တို့တွင် ပြဋ္ဌာန်းထားသည့်ရင်းနှီးမြှုပ်နှံသူ၏တာဝန်ဝတ္တရားများနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

(ဂ) Kyaw San Aung Company Limited [ကျော်ဆမ်အောင် ကုမ္ပဏီလီမိတက်] သည် လုပ်ငန်းဆောင်ရွက်ရာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ဖြစ်သည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ် ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသော လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက် ရမည်။

(ဃ) Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] သည် လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် မီးဘေးအန္တရာယ်ထိန်းသိမ်းကာကွယ်ရေးစနစ်များကို ဝန်ခံကတိပြု ထားသည့်အတိုင်းစနစ်တကျထားရှိဆောင်ရွက်ရမည်ဖြစ်ပြီးမီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အမိန့်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(င) Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] သည် ရင်းနှီးမြှုပ်နှံမှုအားလုပ်ငန်းသက်တမ်း ကာလအတွင်းအခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ၇၂ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(စ) Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ၁၉၆အရ နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့်ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်ဆိုဒ်သို့တင်ပြရမည်။

(ဆ) Kyaw San Aung Company Limited [ကျော်ဆမ်အောင်ကုမ္ပဏီလီမိတက်] သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ၁၉၇အရ လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင်တစ်ကြိမ် ကော်မရှင်ကသတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ Kyaw San Aung Company Limited အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၆၅(ဃ)အရ သက်ဆိုင်သည့်ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်း များမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန်လိုအပ်လျှင် ဖြစ်စေ၊ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရ မည်။

၄။ Kyaw San Aung Company Limited သည်လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်း သဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့်ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင် သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီအား ကော်မတီသို့ ပေးပို့ရမည်။

(ဒေါက်တာအေးဓဲ)
ဥက္ကဋ္ဌ

Kyaw San Aung Company Limited
ဖြန့်ဝေခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၄

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

အကြောင်းအရာ။ Kyaw San Aung Co.,Ltd.မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အဆင့်မြင့်ယာဉ်ရပ်နားစခန်းတည်ဆောက်မည့်ကိစ္စ

၁။	ကုမ္ပဏီအမည်	- Kyaw San Aung Co.,Ltd.		
	ရင်းနှီးမြှုပ်နှံသူ	ဦးကျော်သိန်းဦး၊ အုပ်ချုပ်မှုဒါရိုက်တာ		
	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန်	- ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု		
	လုပ်ငန်းအမျိုးအစား	- ယာဉ်ရပ်နားစခန်းဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း		
၂။	တည်နေရာ	- မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ မြမာလာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၀၇/က)၊ ဗုဒ္ဓကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၃/၄၄)၊ သံဖြူဇရပ်-ကျိုက္ခမီလမ်းမကြီးအနီးရှိမြေ (၁၀)ဧက		
၃။	မြေပိုင်ရှင်	- ဦးကျော်သိန်းဦး၊ အုပ်ချုပ်မှုဒါရိုက်တာ		
	မြေအကျယ်အဝန်း	- ၁၀ဧက		
	အဆောက်အဦ အရေအတွက်	၆ခန်းတွဲနှစ်ထပ်အဆောက်အဦ ၂ လုံး		
		၉ခန်းတွဲနှစ်ထပ်အဆောက်အဦ ၃ လုံး		
		စုစုပေါင်း ၅ လုံး		
	မြေငှားရမ်းခ	- ကုမ္ပဏီပိုင်မြေတွင် ဆောင်ရွက်သည်။		
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် သက်တမ်း	- ၃၀ နှစ်		
၅။	တည်ဆောက်မှုကာလ	- ၃ နှစ်		
၆။	စုစုပေါင်းမတည်ငွေရင်းပမာဏ	- ကျပ် ၂၀၀၀.၃၁၆ သန်း		
	ထည့်ဝင်သည့်အမျိုးအစား			
	ငွေသား	- ကျပ်သန်း ၂၀၀.၀၀၀		
	အဆောက်အဦပြင်ဆင်စရိတ်	- ကျပ်သန်း ၁၆၉၇.၆၀၀		
	ရုံးလုပ်ငန်းအသုံးအဆောင်	- ကျပ်သန်း ၁၇.၆၈၆		
	ရုံးလုပ်ငန်းပရိဘောဂနှင့် လျှပ်စစ်ပစ္စည်း	- ကျပ်သန်း ၈၅.၀၃၀		
	စုစုပေါင်း	**- ကျပ်သန်း ၂၀၀၀.၃၁၆**		
၇။	ရောင်းချမည့်နည်းစနစ်	-		
၈။	ဝန်ဆောင်မှုနှင့် ဈေးနှုန်း		**ပြည်တွင်း**	
			၁၀၀%	
			ဝန်ဆောင်မှုအရေအတွက် (ခန်း)	**တစ်လဈေးနှုန်း (ကျပ်)**
	ယာဉ်လိုင်း		၁၂	၃၀၀၀၀၀
	ဈေးဆိုင်ခန်း		၂၇	၂၀၀၀၀၀
၉။	ဝန်ထမ်းခန့်ထားမှု			
			ပြည်တွင်း	**ပြည်ပ**
		ဦးရေ	၁၈ ဦး	-
		အမြင့်ဆုံးလစာ	ကျပ် ၆၀၀၀၀၀	-
		အနိမ့်ဆုံးလစာ	ကျပ် ၁၅၀၀၀၀	-

၁၀။	အခြားတင်ပြချက်	- မီးဘေးလုံခြုံမှုစီမံချက်အား Htaik Tan Htut Khaung Co., Ltd. သို့ လုပ်ငန်းအပ်နှံနိုင်ရေး ဆောင်ရွက်ထားပါကြောင်းတင်ပြထားပါသည်။ - အတည်ပြုမိန့်ရရှိပါက ကုမ္ပဏီအနေဖြင့်သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်ချက်များ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိဝန်ခံမှုပြုထားပါသည်။ - ပြည်တွင်းဝန်ထမ်းများ အတွက် အနိမ့်ဆုံးလုပ်ခလစာ ဥပဒေသတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကျခံပေးမည်ဖြစ်ကြောင်း ကတိဝန်ခံချက် ဖော်ပြပါရှိပါသည်။
၁၁။	စိစစ်တင်ပြချက်	- Kyaw San Aung Co., Ltd. သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်-105479549 ဖြင့် ၆.၁.၂၀၁၆ ရက်နေ့တွင်မှတ်ပုံတင်ထားကြောင်းတွေ့ရှိရပါသည်။ - ကုမ္ပဏီတွင် ဒါရိုက်တာအစုရှင် (၄)ဦးပါဝင်ပြီးကုမ္ပဏီ၏ အစုရှယ်ယာ ၅၀% ကို အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်သိန်းဦးပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ - ငွေကြေးပိုင်ဆိုင်မှု အထောက်အထားအဖြစ်(၁၃.၉.၂၀၁၈) ရက်နေ့ထိ ကျပ် ၃၃၅.၀၅၀သန်း ရှိကြောင်း Myanmar Apex Bank မန္တလေးဘဏ်၏ Bank Statement ဖော်ပြထားပါသည်။ - မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ မြမာလာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၀၇/က)၊ ဗုဒ္ဓကုန်းကွင်း၊ ဦးပိုင်အမှတ်(၄၃/၄၄)ရှိမြေ(၁၀)ဧကသည် လယ်ယာမြေအမျိုးအစားဖြစ်ပြီးမူလပိုင်ရှင်ဦးမောင်သန်းနှင့်ဒေါ်မြသန်းထံမှ ဦးဆိုင်းဆမ် နှင့် Kyaw San Aung Co.,Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်သိန်းဦးကဝယ်ယူထားကြောင်းအရောင်းအဝယ်စာချုပ် နှင့် General Power of Attorney ပူးတွဲတင်ပြထားပါသည်။ - လုပ်ငန်းသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ပါ EIA ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့်အရွယ်အစားတွင်ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ - လုပ်ငန်းသည် MIC အမိန့်ကြော်ငြာစာအမှတ်၊၁၃/၂၀၁၇ အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်ပါဝင်ခြင်းမရှိကြောင်းစိစစ်တွေ့ရှိရပါသည်။။